# မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ နှင့် ပတ်သက်၍ ပအိုဝ်းတိုင်းရင်းသား လူမျိုး၏ သဘောထား ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်။

ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ) အရ ဥပဒေအတည်ပြုပြဋ္ဌာန်းပြီး (၆) လအတွင်း သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်ဟု ဖော်ပြပါရှိသည်။ ထို့အပြင် ဥပဒေ ပုဒ်မ (၂၇) ပုဒ်မခွဲ (က) တွင် ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိပဲ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို အသုံးပြုသူ မည်သူမဆို ပုဒ်မ (၂၂) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၃)ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူအား (၂) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်ငွေကျပ်(၅)သိန်း ထက်မပိုသော ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်မည်ရမည်ဟု ဖော်ပြပါရှိသည်။

မြေလွတ်၊ မြေလတ်၊ မြေရိုင်း ဥပဒေသည် ကျွန်ုပ်တို့၏ ဘဝရပ်တည်ရေးနှင့် မြေယာအခွင့် အရေးဆုံးရှုံးမည့်အနေအထားသို့ တွန်းပို့နေသည့်အပြင် အဆိုပါဥပဒေကြောင့် အပြစ်မဲ့ ပြည်သူလယ်သ မားများ ရာဇဝတ်မှုနှင့် ထောင်ဒဏ်ကျခံနိုင်မည့် အနေအထားကို ဦးတည်နေသောကြောင့် စိုးရိမ်ကြီးစွာဖြင့် အောက်ဖော်ပြပါ အခြေအနေများ၊ ယုံကြည်ချက်များကို ထုတ်ပြန်အပ်သည်။

မြေယာသည် ကျွန်ုပ်တို့၏ ဘဝဖြစ်သည်။ ရောင်းကုန်အဖြစ် သတ်မှတ်ခြင်းမရှိပါ။ ကျွန်ုပ်တို့ ပအိုဝ်းအမျိုးသားဒေသများတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းမရှိပါ။ ကျွန်ုပ်တို့ ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲနေသော စံနစ်ရှိသည်။ လက်ရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေသည် မိမိတို့ တိုင်းရင်းသား၏ မူလအခွင့်အရေးဖြစ်သည့် ဓလေ့ထုံးတမ်း မြေယာစီမံပိုင်ခွင့်ကို ဆန့်ကျင်နေသည်။ မြေလွတ်၊ မြေလတ်၊ မြေရိုင်း ဥပဒေကြောင့် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်ကိုလဲ အဟန့်အတားဖြစ်စေနိုင်သည်။

ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် အောက်ပါအချက်များ တောင်းဆိုလိုက်သည်။

(က) ပအိုဝ်း ဓလေ့ထုံးတမ်း မြေယာ စီမံခန့်ခွဲမှု အခွင့်အရေးကို အသိအမှတ်ပြုရန်။
(ခ) တောင်သူလယ်သမားနှင့် ဒေသခံ လူထုဘဝအတွက် စီမံခွင့်၊ ဆုံးဖြတ်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ အကျိုးအမြတ်ခံစားခွင့်ကို အာမခံသော ဥပဒေရေးဆွဲရန်။
(ဂ) ထို့ကြောင့် လက်ရှိ မြေလွတ်၊ မြေလတ်၊ မြေရိုင်း ဥပဒေကို ပယ်ဖျက်ပေးရန်တောင်းဆိုသည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၇ - ၁၈) ရက် နေ့များတွင် ပအိုဝ်းလူငယ်အစည်းအရုံးမှ ဦးဆောင်ပြီး တောင်သူလယ်သမားများ၊ ပအိုဝ်းအမျိုးသားဒေသများမှ ပအိုဝ်းအဖွဲ့များနှင့်အတူ ဖွံ့ဖြိုးရေး၊ မြေယာနှင့် သဘာဝ သယံဇာတ မူဝါဒဆိုင်ရာ ဆွေးနွေးပွဲမှ စုပေါင်းထုတ်ဖော်သော သဘောထား ရပ်တည်ချက်ဖြစ်သည်။

ဆက်သွယ်ရန် - ခွန်ဦး (ပအိုဝ်းလူငယ်အစည်းအရုံး) ၀၉၇၆၅၆၀၀၈၁၂
- ဦးခွန်ထွန်းလွင် (ပင်လောင်းမြို့နယ်) ၀၉၆၉၂၁၆၀၀၉၀
- နန်းရွှေလီ (လွိုင်လင်မြို့နယ်) ၀၉၄၅၂၆၂၃၈၂၀